Building No (C-1), Room (301), Yuzana Highway Complex, Kamayut Township, Yangon

+95-9-796666385, +95-9-755995787

# Vacancy Announcement

| | |
|---|---|
| Job Title (အလုပ်အကိုင် အမည်) | Safe House Supervisor (လုံခြုံအိမ် ကြီးကြပ်ရေးမှူး) |
| Department (လုပ်ငန်းဌာန) | Program Department (ပရိုဂရမ် ဌာန) |
| VA No. | TFP/VA/250503 |
| Job Grade (အလုပ်အကိုင် အဆင့်) | GS-12 |
| Number of Position (ရာထူး အရေအတွက်) | အမျိုးသမီး (၁) ဦး |
| Location (တည်နေရာ) | ကျိုင်းတုံမြို့ |
| Reports to (အစီအရင်ခံစာ တင်ပြခြင်း) | Project Director (Head Office), Project Manager (East Shan State) |
| Announcement Date (ထုတ်ပြန်သည့်နေ့) | 19 May 2025 |

## အဖွဲ့အစည်း မိတ်ဆက်

ပဉ္စမ မဏ္ဍိုင်သည် ၂၀၁၆ခုနှစ်မှ စတင်၍ တရားဥပဒေစိုးမိုးမှုကို မြှင့်တင်ရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် အခမဲ့ ဥ ပဒေဆိုင်ရာ သင်တန်းများပေးခြင်း၊ ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှုများ၊ အလုပ်သမား အငြင်းပွားမှု များနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဥပဒေဆိုင်ရာ သင်တန်းများ ပေးခြင်း၊ ဥပဒေဆိုင်ရာ တိုင်ပင်ဆွေးနွေး အကြံပြုခြင်းနှင့် အခမဲ့ အမှုလိုက်ပါ ဆောင်ရွက်ခြင်းများကို လုပ်ဆောင် ပေးနေသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

## ဖိတ်ခေါ်သည့် ရာထူးမိတ်ဆက်

လုံခြုံအိမ် ကြီးကြပ်ရေးမှူးသည် အဆောင်၏ ဦးဆောင်စောင့်ရှောက်သူနှင့် စီမံခန့်ခွဲမှု တာဝန်ယူသူအဖြစ် တာဝန်ထမ်းဆောင် ရပါသည်။ ဂျဲန်ဒါအခြေပြု အကြမ်းဖက်ခံရခြင်းမှ ရှင်သန်ကျန်ရစ်သူ များအား ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ရမည် ဖြစ်သည်။ လုံခြုံအိမ်တွင် နေထိုင်ကာ အချိန်ပြည့်

Building No (C-1), Room (301), Yuzana Highway Complex, Kamayut Township, Yangon

+95-9-796666385, +95-9-755995787

တာဝန်ယူ ဆောင်ရွက်နိုင်ရမည်။ လုံခြုံအိမ်၏နေ့စဥ် လုပ်ငန်းဆောင်တာများ ကောင်းမွန်စွာ လည်ပတ်နိုင်စေရန် တာဝန်ယူရမည့်သူ ဖြစ်သည်။

## လိုအပ်သည့် အရည်အချင်းနှင့် ကျွမ်းကျင်မှုများ

- ဂျန်ဒါ, Social Work နှင့် ဖွံ့ဖြိုးရေးဘွဲ့နှင့် အခြားဆက်စပ်သော ဘာသာရပ်များဖြင့်အထူးပြု ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှုလျှော့ချရေးနှင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်လာသူများအား ကူညီတုန့်ပြန်ခြင်းနှင့်ပတ်သက်သည့် အစီအစဥ်များ၊ စီမံကိန်းများတွင် လုပ်ကိုင်ဆောင်ရွက်ဖူးသည့် အတွေ့အကြုံ (၃) နှစ်နှင့်အထက် ရှိပြီး ယင်းနှင့်ပတ်သက်သော စီမံကိန်းများတွင် ကြီးကြပ်သူအနေဖြင့် (၁) နှစ်နှင့်အထက် လုပ်ကိုင်ဖူးသူ ဖြစ်ရမည်။
- ဂျန်ဒါအခြေပြု အကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်လာသူများအား ကူညီသူတစ်ဦးအဖြစ် လုပ်ကိုင်ရာတွင်လိုအပ်သော စံနှုန်းများ၊ လမ်းညွှန်ချက်များနှင့် ရှင်သန်ကျန်ရစ်သူ အခြေပြု တုန့်ပြန်ကာကွယ်ရေး လုပ်ထုံးလုပ်နည်းများကို နားလည်သဘောပေါက်ထားသူ ဖြစ်ရမည်။
- ဒေသအခြေအနေများကို နားလည်ပြီး အာခါ၊ လားဟူ၊ ရှမ်းစသော တိုင်းရင်းသား ဘာသာစကား တစ်မျိုးမျိုးကို ကျွမ်းကျင်စွာဆက်သွယ် ပြောဆိုနိုင်သူများအား ဦးစားပေးမည်။
- ဆက်သွယ်ဆောင်ရွက်မှု ကောင်းမွန်ပြီး အချိန်နှင့်တပြေးညီ တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
- မတူကွဲပြားသည့် ယဥ်ကျေးမှု၊ ဓလေ့ထုံးစံများကို နားလည်ပြီး အခက်အခဲများကို မိမိ၏အဖွဲ့နှင့် ပူးပေါင်းကာ လိမ္မာပါးနပ်စွာ ဖြေရှင်းနိုင်သူ ဖြစ်ရမည်။
- The Fifth Pillar မှ ထုတ်ပြန်ထားသော စည်းမျဥ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများအား ကျင့်သုံးလိုက်နာနိုင်သူ ဖြစ်ရပါမည်။
- တာဝန်ထမ်းဆောင်ရမည့် ဒေသသို့သွားရောက် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

Building No (C-1), Room (301), Yuzana Highway Complex, Kamayut Township, Yangon

+95-9-796666385, +95-9-755995787

## လုပ်ဆောင်ရမည့် တာဝန် ဝတ္တရားများ

- လုံခြုံအိမ်၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို ထိန်းသိမ်းစီမံခန့်ခွဲပြီး အစည်းအဝေးမှတ်တမ်းများ၊ လုံခြုံအိမ်လုပ်ရှားမှု အစီရင်ခံစာများနှင့် လစဉ်အစီရင်ခံစာများကို အချိန်နှင့်တပြေးညီ ပြင်ဆင်တင်ပြရမည်။
- ရပ်ရွာလူ့အဖွဲ့အစည်းမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်နိုင်ရမည်ဖြစ်ပြီး လုံခြုံအိမ်တည်ရှိရာ ကျေးရွာ/ရပ်ကွက်မှ သက်ဆိုင်ရာ ရွာသူကြီး၊ အုပ်ချုပ်ရေးမှူးများနှင့် ဆက်သွယ်ဆောင်ရွက်ရမည်။
- လုံခြုံအိမ် ဝန်ထမ်းများအား ကြီးကြပ်ခြင်း၊ အကြံဉာဏ်ပေးခြင်း၊ လိုအပ်သည့် ကူညီဆောင်ရွက်မှုများအား စီမံခန့်ခွဲ လုပ်ဆောင်ရမည်။
- လုံခြုံအိမ်တွင် နေထိုင်သူများအား စိတ်ပိုင်းဆိုင်ရာ အားပေးခြင်း၊ အရေးပေါ်အကူအညီနှင့် ညွှန်ကြားမှုများကို လိုအပ်သလို ပံ့ပိုးကူညီပေးနိုင်ရမည်။
- လုံခြုံအတွင်း ဖြစ်ပေါ်သည့် ထူးခြားဖြစ်စဉ်များနှင့် ပြောင်းလဲမှုများကို စီမံကိန်းမန်နေဂျာထံသို့ အချိန်နှင့် တပြေးညီ တင်ပြရမည်။
- လုံခြုံအိမ်တွင် နေထိုင်သူများအတွက် နေ့စဉ်အချိန်ဇယားနှင့် ထောက်ခံမှုအစီအစဉ်များကို ပြင်ဆင်ဆောင်ရွက်ပေးရမည်။
- လုံခြုံအိမ်တွင် နေထိုင်သူများအားလုံး၏ နေထိုင်မှုမှတ်တမ်းများကို နေ့စဉ်သိမ်းဆည်းထားရမည်။ ပစ္စည်းနှင့် သိုလှောင်ထားသည့် ပစ္စည်းစာရင်းများကို ပြင်ဆင်ထားရှိရမည်။
- လုံခြုံရေး စည်းမျဉ်းများနှင့် လျှို့ဝှက် စံသတ်မှတ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။
- ဖြစ်ရပ်စီမံခန့်ခွဲသူများနှင့် GBV ဝန်ဆောင်မှုပေးသူများ (ကျန်းမာရေး၊ ဥပဒေ၊ စိတ်ပိုင်းဆိုင်ရာ တိုင်ပင်ဆွေးနွေးခြင်း ဝန်ဆောင်မှုပေးသူများ စသဖြင့်) နှင့် ပူးပေါင်းဆောင်ရွက်ရမည်။
- ဝန်ထမ်းများနှင့် လုံခြုံအိမ်တွင် နေရသူများနှင့်အတူ အပတ်စဉ်နှင့် လစဉ် အစည်းအဝေးများကို ဦးဆောင်ကျင်းပနိုင်ရမည်။
- ဂျဲန်ဒါအခြေပြု အကြမ်းဖက်ခံရခြင်းမှ ရှင်သန်လွတ်မြောက်သူများ လိုက်နာရမည့်ကျင့်ဝတ် စည်းမျဉ်းစည်းကမ်းများ (Code of Conduct) ကို လိုက်နာဆောင်ရွက်ရမည်။

The Fifth Pillar
CHANGE starts with you

**Building No (C-1), Room (301), Yuzana Highway Complex, Kamayut Township, Yangon**

**+95-9-796666385, +95-9-755995787**

- ဝန်ထမ်းများနှင့် ဧည့်သည်များ အားလုံးမှ လုံခြုံအိမ်လမ်းညွှန်နှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြစေရန် ကြီးကြပ်ဆောင်ရွက်ရမည်။

## လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်ခြင်းဆိုင်ရာ မူဝါဒ

The Fifth Pillar သည် လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုများ၊ မိမိ၏ လုပ်ဖော်ကိုင်ဖက်များ၊ ဝန်ဆောင်မှု ရယူနေသူများအပေါ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများအား ပြင်းထန်စွာ တားမြစ်ထားပါသည်။ ဝန်ထမ်းများ အားလုံးသည် လိင်ပိုင်းဆိုင်ရာ ထိပါး နှောက်ယှက်မှုများနှင့် ပတ်သက်ပြီး တားမြစ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လုပ်ငန်းခွင်အတွင်းတွင် သော်လည်းကောင်း၊ လုပ်ငန်းခွင် ပြင်ပတွင်သော်လည်းကောင်း လိုက်နာရန် တာဝန်ရှိပါသည်။

## ဝန်ထမ်း၏ လစာနှင့် အခြားအကျိုးခံစားခွင့်များ

(၁) အတွေ့အကြုံနှင့် ကျွမ်းကျင်မှုပေါ်မူတည်၍ ယှဉ်ပြိုင်နိုင်သော လစာပက်ကေ့ချ်

(၂) လစဥ် ဖုန်းငွေဖြည့်ကတ်

ယခုဖော်ပြပါ ရာထူးကို လျှောက်ထားလိုသူများ အနေဖြင့် **Cover Letter နှင့် CV** တို့ကို ပူးတွဲကာ အကြောင်းအရာ ဖော်ပြချက်တွင် **“Safe House Supervisor”** ဟုရေးသားကာ၊ မိမိအား ထောက်ခံပေးမည့်သူ (၂) ဦး၏ ဆက်သွယ်ရန်အသေးစိတ်အချက်အလက်များကို ပေးပို့ရပါမည်။

**Email:** [hr@tfpmm.org](mailto:hr@tfpmm.org) သို့ လိပ်မူပြီး အီးမေးလ်မှတစ်ဆင့် လျှောက်ထားနိုင်ပါသည်။

- လျှောက်ထားသူအနေဖြင့် အဆိုပါရာထူးအတွက် မိမိမျှော်မှန်းသည့် လစာနှုန်းထားကို ထည့်သွင်းဖော်ပြပေးရန် လိုအပ်ပါသည်။
- လျှောက်ထားမည့်သူများ အနေဖြင့် **မေလ (၂၉) ရက်နေ့ ညနေ ၅:၀၀ နာရီ နောက်ဆုံး**ထား၍ လျှောက်ထားနိုင်ပါသည်။
- လျှောက်ထားသော လျှောက်လွှာများအနက်မှ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများကိုသာ ရွေးချယ်၍ အင်တားဗျူးဖြေဆိုရန် အကြောင်းပြန်ပေးမည် ဖြစ်ပါသည်။